DANSK FLYGTNINGE HJÆLP

မြန်မာဘာသာ



# မိမိနိုင်ငံသို့ပြန်လည် ပြောင်းရွှေ့နေထိုင်ခြင်း ၂၀၁၈

ဒုက္ခသည် နှင့် အခြားနိုင်ငံသို့ကူးပြောင်းလာသူတို့၏ ဆန္ဒအရ မိမိနိုင်ငံသို့ပြန်လည် ပြောင်းရွှေ့နေထိုင်မှုနှင့်ပတ်သက်သော သတင်းအချက်အလက်

## မိမိနိုင်ငံသို့ ပြန်ရန်စဉ်းစားထားပါက

ဒုက္ခသည် နှင့်တကွ အခြားနိုင်ငံသို့ကူးပြောင်းလာသူတို့အတွက် ဒိန်းမတ်နိုင်ငံ ဒုက္ခသည်အကူအညီပေးအဖွဲ့စည်းမှ မိမိနိုင်ငံသို့ ပြန်ရန်စဉ်းစားထားသူများကို အကြံပေး ဆွေးနွေးပေးပါသည်။ ကျွန်တော်တို့သည် ဒုက္ခသည်များ ပြည်တွင်း ပြည်ပ၌ ရင်ဆိုင်ရသော ပြဿနာကို ရာတာရှည် ဖြေရှင်းရန် ကြိုးစားလျှက်ရှိသည်။

## ငွေကြေးအထောက်ပံ့

- မိမိနိုင်ငံသို့ ဘဝစတင်ရန် အရွယ်ရောက်သူသည် ၂၀၁၈ ခုနှစ်တွင် ဒိန်းမတ်ငွေ ၁၃၆,၅၄၃ အထိ ရရှိမည်
- ကလေးသူငယ်သည် ဒိန်းမတ်ငွေ ၄၁,၆၄၃ အထိ ရရှိမည်

ငွေကြေးကို ၂ ပိုင်း ပိုင်းပြီး ထုတ်ပေးပါမည်။ ပထမအပိုင်းကို မိမိနိုင်ငံသို့ ထွက်ခွာချိန်နှင့် အခြားအပိုင်းကို မိမိနိုင်ငံရောက်ပြီး ၁နှစ်ပြည့်နောက် အရွယ်ရောက်သူကို ပမာဏ ၈၁,၈၂၃ နှင့် ကလေးသူငယ်ကို ၂၄,၉၈၆ ဒိန်းမတ်ငွေကို ထုတ်ပေးပါမည်။

## အခြားသော အထောက်အပံ့

- ခရီးစရိတ်
- မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာ သယ်ယူပို့ဆောင်ခ
- လုပ်ငန်းသုံး ကရိယာ
- ၄နှစ် ဖျားနာမှု အာမခံ
- ၁နှစ်အတွက် ဆေးဖိုးခ
- လူနာ အထောက်ပံ့ ကရိယာ
- ကလေးသူငယ် အသက် ၅နှစ် နှင့် ၁၆နှစ်ကြားအတွက် ၄နှစ်စာ ကျောင်းစရိတ်
- ခရီးထွက်ရန် လိုအပ်သော စာရွက်စာတမ်း ရယူရန် အကူအညီပေးခြင်း

## အသင်သည် အသက် ၅၅ နှစ်ပြည့်သူဖြစ်လျှင်

အသင်သည် ၅၅ နှစ်ပြည့်သူနှင့် အထက် ဖြစ်ပါက ဒိန်းမတ်နိုင်ငံမှ လစဉ်ထောက်ပံ့ကြေးထုတ်ပေးပါမည်။

လစဉ်ထောက်ပံ့ကြေးပမာဏသည် ဒိန်းမတ်ငွေ ၂,၈၀၀ နှင့် ၅,၅၀၀ ကြားဖြစ်သည်။ ထိုထောက်ပံ့ကြေးရရန် ဒိန်းမတ်နိုင်ငံတွင် နေထိုင်ခွင့် အနည်းဆုံး ၅ နှစ် ရရှိထားပြီးသားဖြစ်ရမည်။

## နောင်တရပါက ရရှိသည့်အခွင့်အရေး

**ဒုက္ခသည်သည်** မိမိ၏ဆုံးဖြတ်ချက်ကို မိမိနိုင်ငံသို့ရောက်ပြီး နောင်တရပါက ရောက်ရှိပြီး ၁နှစ်အတွင်း ဒိန်းမတ်နိုင်ငံသို့ပြန်လည်လာရန် ခွင့်အရေးရှိပါသည်။ ထို သူတို့သည် ယခင်က ဒိန်းမတ်နိုင်ငံမှ ရရှိခဲ့သည့် အခွင့်အရေးကို ပြန်လည် ရရှိမည်ဖြစ်သည်။ မိမိနိုင်ငံသို့ ပြန်ရန် လက်ခံရရှိခဲ့သည့် အလုံးစုံသောအထောက်ပံ့ကို ပြန်လည်ပေးဆပ်ရမည် ဖြစ်သည်။

**နိုင်ငံကူးပြောင်းနေထိုင်သူသည်** မိမိနိုင်ငံသို့ ပြန်ရန် အထောက်အပံ့ရရှိပြီး ပြောင်းရွှေ့ပြီးနောက် ဒိန်းမတ်နိုင်ငံသို့ ပြန်လည်လာရန် အခွင့်အရေးမရှိပါ။ ထိုလူတို့အတွက် မိမိနိုင်ငံသို့ ပြန်ပြီး ပြီးနောက် ယခင်က ဒိန်းမတ်နိုင်ငံတွင် ရရှိခဲ့သည့် အခွင့်အရေးကို ပြန်လည်ရခွင့်မရှိပါ။

## ထပ်မံသိလိုပါက

မိမိနိုင်ငံသို့ ပြောင်းရွှေနေထိုင်ရန် စဉ်းစားထားမှုရှိပါက ကျွန်တော်တို့၏ အင်တာနက်မှ မေးခွန်းပုံစံဖောင်ကို ဖြည့်ပြီး ပို့ပေးပါ။ ဆုံးဖြတ်ချက်ချနိုင်ရန် တစ်ဦးချင်းအလိုက် ကျွန်တောက်တို့သည် အသင်တို့၏ အခွင့်အရေးကို ရှင်းပြပေးပါမည်။

ဘာသာပြန်ပုဂ္ဂိုလ်လိုအပ်ပါက ကျွန်တောက်တို့ စီစဉ်ပေးမည်။ ကျွန်တော်တို့တာဝန်သည် အသင်တို့ ဆုံးဖြတ်ချက်ချနိုင်ရန် လိုအပ်သော သတင်းအချက်အလက် ပေးဝေရန်ဖြစ်သည်။

# တနင်္လာ မှ သောကြာထိ
# မနက် ၉-နာရီမှ ညနေ ၃-နာရီထိ
# အကြံပေးဝန်ဆောင်မှု

ဒိန်းမတ် နှင့် အင်္ဂလိပ်ဘာသာဖြင့် ဆက်သွယ်ရန် ဖုန်းနံပါတ်
၃၃ ၇၃ ၅၀ ၀၀

အောက်ပါဖုန်းနံပါတ်များသည် အခြားသောဘာသာ ဖြင့်
ဆက်သွယ်ရန်

ဘောစနီး၊ စာဗစ် နှင့် ခရိုရေးရှား ဘာသာ နှင့် ဆက်သွယ်ရန်
နံပါတ် ၃၃ ၇၃ ၅၂ ၃၃

အာရပ် နှင့် ဆိုရာနီ ဘာသာဖြင့် ဆက်သွယ်ရန်
နံပါတ် ၃၃ ၇၃ ၅၂ ၂၈

မိမိနိုင်ငံသို့ပြန်လည်နေထိုင်မှုနှင့်ပတ်သက်သောအခွင့်အရေးအကြောင်းကို တစ်ဦးချင်း အကြံယူဆွေးနွေးလိုပါက ကျွန်ုပ်တော်တို့အင်တာနက်ဆိုဒ်မှကိုယ်ရေးအကြောင်းအရာပုံစံကိုဖြည့်ယူနိုင်ပါသည်။

အင်တာနက်ဆိုဒ် [www.atvendehjem.dk](http://www.atvendehjem.dk)
အင်တာနက်ဆိုဒ်[www.flygtning.dk/atvendehjem](http://www.flygtning.dk/atvendehjem)
အင်တာနက်လိပ်စာ [atvendehjem@drc.ngo](mailto:atvendehjem@drc.ngo) ထံသို့ စာပို့နိုင်ပါသည်။